# PRESS RELEASE

U.S. EMBASSY RANGOON

110 University Avenue, Kamayut Township, Rangoon, Burma


နိုဝင်ဘာ ၂၇၊ ၂၀၁၈

# သမိုင်းဝင် ခြောက်ထပ်ကြီးဘုရားပုံတော်လှူဒါန်းခြင်း

ရန်ကုန်၊ မြန်မာ -- နိုဝင်ဘာလ ၂၇ရက်၊ ၂၀၁၈၊ ကြာသာပတေးနေ့တွင် အမေရိကန်သံအမတ်ကြီး စကော့မာစီရယ်သည် ၁၉၅၈ခုနှစ်ကရိုက်ကူးထားခဲ့သည် သမိုင်းဝင်ဘုရားပုံတော်တစ်ပုံကို ပေးအပ်လှူဒါန်းရန် ခြောက်ထပ်ကြီး ဘုရားသို့ သွားရောက်ခဲ့ပါသည်။

အဆိုပါရောင်စုံပုံတော်အား ၁၉၅၈ တွင်  ယခု ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်တွင် ပါဝင်သော ဘုန်းရေ့ကုန်းရွာတွင် နေထိုင်ခဲ့သည့် အမေရိကန်လူမျိုး မစ္စဟောဇယ်လ် အမ်. ဟစ်ဆင် က ရိုက်ကူးခဲ့ပါသည်။ ဘုန်းရေ့ကုန်းရွာနေ မစ္စဟစ်ဆင်ကိုအရပ်အတွင်း မရွှေမိအဖြစ်သိကြပြီး နှစ်ပေါင်းအတော်ကြာပြီးနောက်တွင် ဒေါ်ရွှေမိအဖြစ်နှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ သူရိုက်ကူးခဲ့သော မူလပုံတော်ကို ပုံကြီးချဲ့၍ အထူးတလည် ပြင်ဆင်ထားသော ပုံတူအား ခြောက်ထပ်ကြီးဘုရားတွင် "ဒေါ်ရွှေမိနှင့်  ဘုန်းရေ့ကုန်းရွာမိသားစုများကောင်းမှု၊ ရွှေပြည်သာမြို့နယ်" ဟု ကမ္ပည်းရေးထိုးကာ အမေရိကန်နှင့် မြန်မာပြည်သူများအကြား ယဉ်ကျေးမှုနှင့် အပြန်အလှန်လေးစားမှု သင်္ကေတအဖြစ် လှူဒါန်းရန်ဆန္ဒရှိပါသည်ဟု အမေရိကန်သံရုံးအား အကူအညီ တောင်းခဲ့ပါသည်။

အဆိုပါပုံတော်သည် ပြာလွင်သော ကောင်းကင်နောက်ခံတွင် ကျောက်သားဖြင့်ထုဆစ်ထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်၏ ဦးခေါင်းတော်မြတ်အား စိမ်းစိုသည့် သစ်ခက်သစ်ရွက်များ ဝန်းရံလျက်ရှိပုံကို ဖော်ကျူးထားပါသည်။ ၁၉၆၆နှင့် ၁၉၆၉ခုနှစ်များအတွင်း ဘုရားပရဝုဏ်ကို ပြန်လည်တည်ဆောက်ပြုပြင်ပြီး ယခုအခါ မြန်မာနိုင်ငံတွင် တတိယအကြီးဆုံး လျောင်းတော်မူဆင်းတုတော် တည်ရှိသည်ဟု နာမည်ကျော်ကြားသည့် ဘုရားရင်ပြင်တော်ဖြစ်လာပါသည်။ အဆိုပါ သမိုင်းဝင် ပုံတော်ကို ဘုရားပရဝုဏ်အတွင်းရှိ ပင်မခန်းမဆောင်အတွင်း ထားရှိမည်ဖြစ်ရာ အများပြည်သူအားလုံး ဖူးမျှော်ကြည်ညိုနိုင်ကြမည် ဖြစ်ပါသည်။

####

[ဓါတ်ပုံများ]